သိန်းဖေမြင့်၏ အမှာ

'ဖက်ဆစ်တော်လှန်ရေးဌာနချုပ်နှင့် တိုင်း ၁၀ တိုင်း' စာအုပ်ကို ရေးသားသူ သခင်တင်မြက သူ၏ ပန်ကြားချက်တွင် အောက်ပါအတိုင်း ဖော်ပြထားလေသည်။

> "ဤစာအုပ်တွင် ဖက်ဆစ်တော်လှန်ရေးစည်းရုံးမှုနှင့် တော်လှန်ရေးတိုက်ပွဲများအကြောင်းကို သမိုင်းဆိုင်ရာ ကျမ်းစာတစ်စောင်အဖြစ် အသေးစိတ် ပြုစုရေးသားခြင်း မဟုတ်ပါ။ ဖက်ဆစ်တော်လှန်ရေး သမိုင်းဝင် စာတမ်းများ၊ မှတ်တမ်းများနှင့် တော်လှန်ရေးဒေသအသီးသီး၏ ဖြစ်ရပ်များကို အစီအစဉ်ဖြင့် လေ့လာဖတ်ရှုနိုင်စေရန် သမိုင်းဆရာများနှင့် သုတေသီများအတွက် အထောက်အကူရရှိစေရန် ရည်သန်၍ သမိုင်းစာတမ်းများနှင့် ဖြစ်ရပ်များကို စာတစ်အုပ်အဖြစ် စုဆောင်းပေါင်းစပ်တင်ပြထားခြင်းသာ ဖြစ်ပါသည်။ ထို့ကြောင့် ဤ **ဖက်ဆစ်တော်လှန်ရေးဌာနချုပ်နှင့် တိုင်း ၁၀ တိုင်း** စာအုပ်သည် စ၊ လယ်၊ ဆုံး ပြည့်စုံသည့် စာအုပ်ဟု မဆိုနိုင်ပါ"

သခင်တင်မြက သူ့စာအုပ်သည် သမိုင်းဆိုင်ရာ ကျမ်းစာအုပ် မဟုတ်၊ သမိုင်းပြုစုလိုသူနှင့် သုတေသီများအတွက် စာရွက်စာတမ်း၊ အချက်အလက်၊ သက်သေအထောက်အထားများ စုဆောင်းပေးထားခြင်းသာ ဖြစ်သည်။ သို့ စုဆောင်းပေးရာ၌လည်း စ၊ လယ်၊ ဆုံး ပြည့်စုံပြီဟု မဆိုနိုင်ပါ စသည်ဖြင့် ဆိုလိုရင်း ဖြစ်သည်။

သခင်တင်မြသည် ကိုယ့်ကိုယ်ကိုယ် ဤမျှ မနှိမ့်ချသင့်ဟု ကျွန်တော် ထင်ပါသည်။

ပထမဦးဆုံး ဤစာအုပ်သည် ဖက်ဆစ်တော်လှန်ရေးဆိုင်ရာ သမိုင်းကျမ်းစာ စာအုပ်တစ်အုပ်ဖြစ်ကြောင်း ကျွန်တော် အခိုင်အမာ ဆိုချင်ပါသည်။ သူ တင်ပြလိုက်သော မြန်မာပြည်သူတို့၏ ဖက်ဆစ်တော်လှန်ရေးသမိုင်းသည် ကျယ်လည်း ကျယ်ပြန့်သည်။ နက်လည်း နက်ရှိုင်းသည်၊ ထုထည်လည်း ကောင်းလှသည်၊ ခေါင်းဆောင်တစ်ဦးသို့မဟုတ် ခေါင်းဆောင်အချို့က ဖန်တီးပြုလုပ်လိုက်သော သမိုင်းအဖြစ်ဖြင့် ပီပီပြင်ပြင်ကြီး မြင်လာရအောင် တင်ပြနိုင် ခဲ့လေသည်။

ဤစာအုပ်သည် သမိုင်းပြုစုလိုသော အခြားပညာရှင်များနှင့် သုတေသီများအတွက် စာရွက်စာတမ်း၊ အချက်အလက်၊ သက်သေအထောက်အထား အများအပြား သိုမှီးထားသော ဘဏ္ဍာတိုက်ကြီးလည်း ဖြစ်ပါလိမ့်မည်။ ပြည်သူတို့၏ ဖက်ဆစ်တော်လှန်ရေးကြီးတစ်ခုလုံးနှင့် ခြုံပြီး သိသင့်သိအပ်သော အချက်အလက်များ ပြည့်စုံလုံလောက်သည်ဟုလည်း ဆိုချင်ပါသည်။

သခင်တင်မြသည် ဤစာအုပ်ကို ပြုစုနိုင်ရန် စာအုပ်ပေါင်း ၁၅ အုပ်ကို အထောက်အထားပြုသည်၊ သမိုင်းဝင်မှတ်တမ်းနှင့် သက်သေမှတ်တမ်း ၁၁ ခုကို ကိုးကားသုံးစွဲသည်။ သက်ဆိုင်ရာလူပုဂ္ဂိုလ် သက်သေပေါင်း ၂၄ ဦးကို မေးမြန်းလေ့လာသည်။ သူကိုယ်တိုင် အရေးကြီးသော နေရာတစ်နေရာမှ ဤဖက်ဆစ်တော်လှန်ရေး ပြည်သူ့လှုပ်ရှားမှုကြီးတွင် ပါဝင်ခဲ့ပေရာ ကိုယ်တိုင်ကြား၊ ကိုယ်တိုင်မြင်၊ ကိုယ်တိုင်သိ အဖြစ်အပျက်အချက်အလက်တို့ကိုလည်း အား ကိုး စိတ်ချနိုင်ပေသည်။

၁၉၅၆ ခုနှစ်က ကျွန်တော်သည် 'တော်လှန်ရေးကာလ

နိုင်ငံရေးအတွေ့အကြုံများ' ဟူသော စာအုပ်ကို ရေးခဲ့လေသည်။ ထိုစာအုပ် စာမျက်နှာ ၄၈ တွင် အောက်ပါအတိုင်း ဖော်ပြခဲ့၏။

> "နောက်တစ်ကြောင်း ၁၉၄၅ ခု ဖက်ဆစ်ဆန့်ကျင်ရေး တော်လှန်ရေး၏ အခြေခံညွှန်ကြားချက်ဖြစ်သော 'လွတ်လပ်ရေးကြေညာစာတမ်း' အမှတ် (၄) 'ပုန်ကန်ရန် အချိန်ကျပြီ' တွင်လည်း နိုင်ငံရေးအာဏာသိမ်းရေး အစီအစဉ်နှင့် လူနေမှုပြောင်းလဲရေး အစီအစဉ်များ မပါ၊ လက်နက်နှင့် တိုက်ခိုက်ရေးကို တစ်ခုတည်း ပြဿနာထား၍ တင်ပြခြင်းကြောင့် ဖြစ်လေသည်။ ဤစာတမ်းမှာ သခင်စိုးက ရေးပြီး ကွန်မြူနစ်ပါတီနှင့် ပြည်သူ့အရေးတော်ပုံပါတီ၊ မြန်မာ့တပ်မတော်တို့ပါဝင်သော ဖ-တ-ပ-လ အဖွဲ့က လက်ခံထားလေသည်။

ထိုသို့ ကျွန်တော် ရေးခဲ့သည်မှာ လွတ်လပ်ရေး ကြေညာစာတမ်း အမှတ် (၄) 'ပုန်ကန်ရန် အချိန်ကျပြီ' ဟူသော သက်သေအထောက်အထားတစ်ခုတည်းကို မှီ၍ရေးခဲ့ခြင်း ဖြစ်သည်။ **သက်သေမစုံသောကြောင့် ကောက်ချက်မှားခဲ့လေသည်။ သခင်တင်မြ၏ ဤစာအုပ်တွင် ဤကာလနှင့် ပတ်သက်ပြီး စာရွက်စာတမ်း၊ သက်သေအထောက်အထား ပိုပြည့်စုံသည်။ ဖက်ဆစ်တော်လှန်ရေးလုပ်ငန်းစဉ်တွင် လွတ်လပ်သော ယာယီအစိုးရဖွဲ့စည်းရေး (နိုင်ငံရေးအာဏာသိမ်းရေး) အစီအစဉ်များနှင့် လူနေမှုပြောင်းလဲရေး အစီအစဉ်များ ပါလေသည်၊ ထိုအစီအစဉ်များ အကောင်အထည် ပေါ်မလာသည်မှာ လုပ်ငန်းစဉ်တွင် မပါ၍မဟုတ်၊ အခြားအကြောင်းများကြောင့် ဖြစ်ပေမည်။**

ကျွန်တော်တို့သည် ဖက်ဆစ်တော်လှန်ရေးကို ချီးကျူးနေရုံ၊ ဂုဏ်ပြုနေရုံနှင့် မပြီး၊ ဆင်ခြင်သုံးသပ်ဖို့ လိုသည်။ သင်ခန်းစာများ ယူဖို့ လိုသည်၊ သို့ပြုလုပ်နိုင်ရန် သက်သေအထောက်အထား အချက်အလက်များ ပြည့်ပြည့်စုံစုံ သခင်တင်မြက တင်ပြထားပေသည်။ ထို့ကြောင့် သခင် တင်မြအား ကျေးဇူးတင်ရပေမည်။

အရေးအသားအနေနှင့် ပြောရသော် သခင်တင်မြ၏ 'ဘုံဘဝမှာဖြင့်' လို မကောင်းချေ။ ကောင်းရန်လည်း မမျှော်လင့်နိုင်ချေ။ အကြောင်းမူကား သခင်တင်မြ၏ စာကိုချည်း ဖတ်ရသည်မဟုတ်။ လက်ရာမျိုးစုံ ဖတ်ရသည်။ သူသည် အချို့နေရာများတွင်သာ ကိုယ်တိုင်မှတ်တမ်းတင်၍ နေရာများစွာ၌ အခြားသူများ၏ မှတ်တမ်းများကို ပန်းကုံးသီသလို သီပေးထားခြင်း ဖြစ်သည်။ 'သို့သော် ထက်နေသော လှံသွားကို ပြောင်လက်အောင် အရောင်တင်ဖို့ မလို' ဆိုသကဲ့သို့ အဖြစ်အပျက်၊ အချက်အလက်၊ အကြောင်းအရာတို့က ကောင်းလှသဖြင့် ဖတ်၍မငြီး ဖြစ်ရသည်။ ဥပမာ တိုင်း (၁) စစ်ဌာနချုပ် ဒု-ရုံးအုပ် ဗိုလ်ညွန့်မောင် (ယခု ကုန်သွယ်ရေးကော်ပိုရေးရှင်း ၄ အဖွဲ့ဝင်) ၏ မှတ်တမ်းမှ ကောက်နုတ်ချက်တွင် တိုင်းစစ်ဌာနချုပ် ရုံးအဖွဲ့ဝင်များ ပေါင်းတည်မြို့မှ ပဒေါင်းပင် သစ်တောကြိုးဝိုင်းအတွင်းသို့ အရောက်ချီတက်ရပုံကို ဖတ်ရသည်မှာ ဝတ္ထုကောင်းတစ်ပုဒ် ဖတ်ရသလိုပင် စိတ်ဝင်စားဖွယ် ဖြစ်သည်။

တိုင်း (၃) ၏ ဖက်ဆစ်တော်လှန်ရေးကဏ္ဍတွင် လေ့ကျင့်ရေးတပ်ရင်း (၄) (ကရင်တပ်ရင်း) ပါဝင်ဆင်နွှဲပုံကို ဖတ်ရသောအခါ ကရင်-ဗမာ သွေးစည်းရေး၏ အဓိပ္ပာယ်သည် လေးလေးနက်နက် ပေါ်ထွက်လာသည်။ ရေးသားသူ တပ်ရင်းမှူး ဗိုလ်မှူး စောထွန်းစိန်နှင့် ကရင်လူထုကို ရင်းနှီးချစ်ခင်လာသည်၊ ကရင်လူထုအပေါ် ပုံ၍ယုံလိုက်သော ဗိုလ်ချုပ်အောင်ဆန်း၏ စေတနာနှင့် ဉာဏ်အမြော်အမြင်တို့သည် ရုပ်လုံးကြွ ထင်ရှားလာသည်။

တိုင်း (၄) စစ်နယ်မြေ 'ကပင်' မှလာသော ရေကာတာနှင့် 'ကပိုင်' မှလာသော ရေကာတာတို့ ဆုံမိရာ မြစ်ကျိုးတာဆုံ ရှိလေသည်၊ ဤရေကာတာများကို တာဆုံနေရာမှနေပြီး ရန်သူက ချိုးပစ်လိုက်ပါက ပဲခူးတွင်းတစ်ခုလုံး ရေလွှမ်းမိုးပြီး လူထုအမြောက်အမြား သေကျေပျက်စီး ဒုက္ခရောက်နိုင်သည်။ ထို့ကြောင့် တပ်ရင်း (၁၀၃) သည် မြစ်ကျိုးစစ်မျက်နှာတွင် နောက်မဆုတ်ဘဲ အခိုင်အမာတပ်စွဲ၍ အသေအလဲ ခုခံ ကာကွယ်ရလေသည်။ ဤကပင် မြစ်ကျိုးတာဆုံ တိုက်ပွဲတွင် တပ်ရင်း (၁၀၃) မှ တပ်ခွဲ (၃) တပ်ခွဲမှူး ဗိုလ်ရှင်းညာဏ်နှင့် တပ်ကြပ်တစ်ဦး၊ တပ်သား သုံးဦးတို့ ပြည်သူ့အတွက် အသက်စွန့်ခဲ့ရသည်။ (တိုင်း (၄)

စာစောင်တွင် ကြည့်)။ ထိုအကြောင်းကို ဖတ်ရင်း 'ပြည်သူ့တပ်မတော်' ဟူသော စကား၏ သရုပ်သကန်ကို မျက်စိထဲမှာ မြင်ယောင်နေမိ သည်။

ဧပြီလ ၂၀ ရက်နေ့ ညက သစ်ဝင်တိုင်း (ချင်းရွာ) ရွာတွင် စခန်းချနေသော တိုင်း (၆) စစ်ဌာနချုပ်ကို ရန်သူ ဂျပန် ၁၀၀၀ ခန့် ဝင်ရောက်တိုက်ခိုက်လေသည်။ တိုင်းမှူး ဗိုလ်မှူးရဲထွဋ် (ရဲဘော်သုံးကျိပ်) ဦးစီး သည့် တပ်သားပေါင်း ၇၄ ယောက်ဖြင့် ခုခံတိုက်ခိုက်ရာ ဂျပန်တို့မှာ အရာရှိနှစ်ယောက် ဒဏ်ရာပြင်းထန်စွာရပြီး တပ်သား ၅၁ ယောက် ကျဆုံးကာ ဆုတ်ခွာသွားရလေသည်။ ပြည်သူ့တပ်မတော်မှ နှစ်ယောက်သာ ဒဏ်ရာရလေသည်။

စစ်မျက်နှာပြင်တိုင်းမှာ ဖက်ဆစ်တော်လှန်ရေး ပြည်သူ့တပ်မတော်ထက် ဂျပန်က လူအင်အား၊ လက်နက်အင်အား အဆများစွာ သာလေသည်။ သို့သော် ပြည်သူ့တပ်မတော်က နိုင်ခဲ့သည်။ အကြောင်းမှာ အမှန်တရားအတွက် ခုခံတိုက်ခိုက်ရပြီး ပြည်သူလူထုနှင့် တလုံးတစည်းတည်းဖြစ်သောကြောင့်ပေတည်း။ ထိုအကြောင်းများကို ဖတ်ရသောအခါ ဖတ်သူ၏ စိတ်ဓာတ်သည် တက်ကြွသွားသည်၊ သဘောထားသည် ကြည်လင်သွားသည်၊ စေတနာသည် မွန်မြတ်သွားသည်၊ ရေးဟန်သားဟန် လက်ရာမြောက် မမြောက်ကိုပင် သတိမထားအားတော့ချေ။

သိန်းဖေမြင့်

စာရေးသူ၏ ပန်ကြားချက်

ဖက်ဆစ်ဂျပန်တို့အား တပ်မတော်နှင့် ပြည်သူတို့က နိုင်ငံလွတ်လပ်ရေးအတွက် သွေးမြေကျ တော်လှန်တိုက်ခိုက်ခဲ့သည်မှာ ၁၉၆၈ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့ဆိုပါက နှစ်ပေါင်း ၂၃ နှစ် ကြာခဲ့လေပြီ။

လွန်ခဲ့သော နှစ်ပေါင်း ၂၃ နှစ်က တပ်မတော်နှင့် ပြည်သူတို့အား 'ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်' ဟူ၍ ဖွဲ့စည်းကာ ဦးဆောင်စည်းရုံးခဲ့သော၊ ဦးဆောင်၍ တိုက်ပွဲဝင်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်းသည် ဖက်ဆစ် ဂျပန်တော်လှန်ရေးပြီးစ ၁၉၄၅ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက် နေသူရိန်အစည်းအဝေးကြီးတွင် ဖက်ဆစ်တော်လှန်ရေးအကြောင်းကို အတိုချုပ်၍ လူထုကြီးအား ရှင်းလင်းပြောကြားရင်း "ဖက်ဆစ်တော်လှန်ရေးအကြောင်း စုံစုံလင်လင်ကို နောင်စာအုပ်စာတမ်း ကျကျနန ထုတ်သည့်အခါကျမှ ပြည်သူများ သိကြပါလိမ့်မည်" ဟု ပြောကြားခဲ့ဖူးလေသည်။

ဖက်ဆစ်တော်လှန်ရေး ဖြစ်ပွားပေါ်ပေါက်ပြီးသည်မှ ယနေ့အထိ တိုင်းပြည်ပြု စာရေးဆရာများနှင့် သမိုင်းဆရာများသည် ၁၉၄၅ ခုနှစ် မတ်လ ဖက်ဆစ်တော်လှန်ရေးနှင့် ပတ်သက်၍ သမိုင်းမှတ်တမ်းတင်စာအုပ်များ၊ ဆောင်းပါးများ အများအပြားရေးခဲ့ကြပါသည်။ သို့သော် ယနေ့အထိ ဗိုလ်ချုပ်အောင်ဆန်း မိန့်ကြားခဲ့သလို ဖက်ဆစ်ဂျပန် တော်လှန်ရေးနှင့် ပတ်သက်၍ ပြည်သူလူထု စုံစုံလင်လင် လေ့လာနိုင်သည့် ကျနပြည့်စုံသော စာအုပ်စာတမ်းဟူ၍ကား မတွေ့မိသေးပါ။ ရေးသားပြုစုထားသည့်စာအုပ်ရှိပါလျက်နှင့် ကျွန်တော့်အတွေ့အကြုံက နည်းနေ၍လား မဆိုနိုင်ပါ။ ယနေ့အထိ ဖက်ဆစ်ဂျပန်တော်လှန်ရေးနှင့် ပတ်သက်၍ နိုင်ငံရေးအရ၊ စစ်ရေးအရ အစအဆုံး အချက်အလက် မှန်ကန်စုံလင်စွာ ရေးသားပြုစုထားသည့် စာအုပ်ဟူ၍ တစ်အုပ်မျှ မတွေ့မိသေးပါ။

ဖက်ဆစ်တော်လှန်ရေးနှင့် ပတ်သက်၍ ဌာနချုပ်အဖြစ်အပျက် သို့မဟုတ် တိုင်းတစ်တိုင်း၏ အတွေ့အကြုံအဖြစ်အပျက်၊ တပ်ဖွဲ့တစ်ဖွဲ့၏ အတွေ့အကြုံအဖြစ်အပျက်များကို အခြေပြု၍ အသေးစိတ်ရေးသားထားသော စာအုပ်များကား ရှိပါ၏။ ဥပမာ ဗိုလ်မှူးသံဒိုင် ရေး 'လွတ်လပ်ရေးအရေးတော်ပုံမှတ်တမ်း'၊ ကျောက်ဆည်မောင်မောင် မှတ်တမ်း တင်သော 'စစ်မြေပြင် ခရီးကြမ်းနှင့် ကိုယ်တွေ့မှတ်တမ်း' စသည်တို့ ဖြစ်ပါသည်။

တပ်မတော် မော်ကွန်းတိုက်က ၁၉၅၉-၆၀ ခုနှစ်များတွင် ဖက်ဆစ်တော်လှန်ရေးအထိမ်းအမှတ်အဖြစ်ဖြင့် တပ်မတော်နေ့စာစောင်နှစ်စောင် ထုတ်ဝေခဲ့ဖူးပါသည်။ ထိုစာစောင်နှစ်စောင်မှ ဖက်ဆစ်တော်လှန်ရေးနှင့်ပတ်သက်၍ သမိုင်းဝင် စာတမ်းများ၊ မှတ်တမ်းများကို ထည့်သွင်းဖော်ပြခဲ့သဖြင့် အခြားသော ဖက်ဆစ်တော်လှန်ရေးစာအုပ်စာတမ်းများထက် စုံလင်သည်ဟု ပြောနိုင်ပါသည်။ သို့သော် ပြည့်စုံလုံလောက်သည့် စာစောင်များဟူ၍ကား မဆိုနိုင်ပါ။

ဖက်ဆစ်တော်လှန်ရေးသမိုင်းဝင်မှတ်တမ်းများနှင့် ပတ်သက်၍ ပြည့်စုံလုံလောက်သော စာအုပ်တစ်အုပ်အဖြစ် ယနေ့ထက်တိုင် တွတွတန်တန် မရှိသည်သာမက ဖက်ဆစ်

တော်လှန်ရေးမှတ်တမ်းနှင့် ပတ်သက်၍ ရေးသားခဲ့ကြသော ဆောင်းပါးများ၊ စာအုပ်များတွင် လွဲမှားသော မှတ်တမ်း ရေးသားချက်များ ပါရှိနေသည်ကို တွေ့ရသည်။

ဥပမာ အရေးကြီးသည့် သမိုင်းဝင်တစ်နေ့ နေ့ဖြစ်သော 'ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့' ကို စတင်ဖွဲ့စည်းသည့်နေ့နှင့် နေရာကို လွဲမှားစွာ ရေးသားနေကြခြင်းပင် ဖြစ်သည်။ '၁၉၄၄ ခု၊ ဩဂုတ်လတွင် ရန်ကုန်မြို့၊ ကန်တော်ကြီး ပတ်လမ်း (ယခု နတ်မောက်လမ်း) ရှိ ဗိုလ်ချုပ်အောင်ဆန်းအိမ်တွင် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့အဖွဲ့ချုပ်*ကို စတင်ဖွဲ့စည်းခဲ့သည်' ဟု ရေးသားနေခြင်းပင် ဖြစ်ပါသည်။ အမှန်မှာ '၁၉၄၄ ခုနှစ် ဩဂုတ်လ ၄ ရက်နေ့မှ ၇ ရက်နေ့အထိ ပဲခူးမြို့ စံပြတပ်ရင်းတွင် စတင်ဖွဲ့စည်းခြင်း ဖြစ်ပါသည်။ အချို့ မှတ်တမ်းစာအုပ်စာတမ်းများတွင် ထိုသို့ ဖ-တ-ပ အဖွဲ့ချုပ် စတင်ဖွဲ့စည်းစဉ်က ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ရေးသား၍ ထုတ်ပြန်ခဲ့သော ဖ-တ-ပ ၏ ပထမဆုံး ကြေညာချက်ဖြစ်သည့် 'နယ်ချဲ့ဖက်ဆစ် ဓားပြလူရိုင်းများကို မောင်းထုတ်ကြ' ဟု ခေါင်းစဉ်ပါသည့် ကြေညာချက် ကိုလည်း ၁၉၄၅ ခုနှစ်၊ မတ်လ တော်လှန်ရေးနေ့တွင် ထုတ်ပြန်ခဲ့သည့် ကြေညာချက်အဖြစ် မှားယွင်းစွာ ထည့်သွင်းဖော် ပြကြသည်ကိုလည်း တွေ့ရှိရပါသည်။

ကျွန်တော် ဤသို့ စကားချီနေသဖြင့် ယခု ကျွန်တော် စုဆောင်းရေးသားခဲ့သော ဤ 'ဖက်ဆစ်တော်လှန်ရေးဌာနချုပ်နှင့် တိုင်း ၁၀ တိုင်း' ဟူသော စာအုပ်မှာ ဖက်ဆစ်တော်လှန်ရေးနှင့် ပတ်သက်၍ အစအဆုံး ပြည့်စုံသော စာအုပ်တစ်အုပ် ဖြစ်ပါသည်ဟု ရေးသားလို၍ မဟုတ်ပါ။ ကျွန်တော် စုဆောင်းရေးသားခဲ့သည့် ဤစာအုပ်သည်လည်း အခန်း ၁၅ ခန်းခွဲ၍ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် စတင်ဖွဲ့စည်းသည်မှ ဖက်ဆစ်တော်လှန်ရေးအပြီး နေသူရိန်အစည်းအဝေးထိ စုဆောင်းရှာဖွေ၍ ရသမျှသော သမိုင်းဝင်ကြေညာချက်များ၊ ဆုံးဖြတ်ချက်များ၊ ညွှန်ကြားချက်များ၊ မိန့်ခွန်းများ၊ စစ်မှတ်တမ်းများကို ထည့်သွင်းဖော်ပြကာ တတ်နိုင်သလောက် အစီအစဉ်ပြု၍ ရေးသားခဲ့ခြင်း ဖြစ်ပါသည်။

ဤစာအုပ်တွင် ဖက်ဆစ်တော်လှန်ရေးစည်းရုံးမှုနှင့် တော်လှန်ရေးတိုက်ပွဲများအကြောင်းကို သမိုင်းဆိုင်ရာ ကျမ်းစာတစ်စောင်အဖြစ် အသေးစိတ်ပြုစုရေးသားထားခြင်း မဟုတ်ပါ။ ဖက်ဆစ်တော်လှန်ရေးသမိုင်းဝင်စာတမ်းများ၊ မှတ်တမ်းများနှင့် တော်လှန်ရေးဒေသအသီးသီး၏ ဖြစ်ရပ်များကို အစီအစဉ်ဖြင့် လေ့လာဖတ်ရှုနိုင်စေရန် သမိုင်းဆရာများနှင့် သုတေသီများအတွက် အထောက်အကူရရှိစေရန် ရည်သန်၍ သမိုင်းဝင်စာတမ်းများနှင့် ဖြစ်ရပ်များကို စာ တစ်အုပ်အဖြစ် စုပေါင်းဆက်စပ်တင်ပြထားခြင်းသာ ဖြစ်ပါသည်။ ထို့ကြောင့် ဤဖက်ဆစ်တော်လှန်ရေးဌာနချုပ်နှင့် တိုင်း ၁၀ တိုင်း စာအုပ်သည်လည်း စ၊ လယ်၊ ဆုံး ပြည့်စုံ သည့်စာအုပ်ဟု မဆိုနိုင်ပါ။

ဤစာအုပ်တွင် 'တိုင်း ၁၀ တိုင်း' ဟု ကဏ္ဍ ခွဲခြား၍ ရေးသားခြင်းနှင့် ပတ်သက်၍ တင်ပြလိုပါသည်။ အချို့ စာရေးဆရာများ ရေးသားကြရာ၌ အများအားဖြင့် တိုင်း (၁) မှ တိုင်း (၇) နှင့် အထက်မြန်မာပြည် တိုင်းတို့၏ တော်လှန်ရေးအကြောင်းကိုသာ ဖော်ပြလေ့ရှိပါသည်။ ရခိုင်တိုင်းနှင့် ရန်ကုန်မြို့ (ယခု ရန်ကုန်တိုင်း) တို့၏ ဖက်ဆစ်တော်လှန်ရေးအကြောင်းတို့ကိုမူ တလုံးတစည်းတည်း ရေးသားလေ့ မရှိခဲ့ကြပါ။ ဤစာအုပ်တွင် တိုင်း ၁၀ တိုင်းလုံး၏ ဖက်ဆစ်တော်လှန်ရေးအကြောင်းကို တလုံးတစည်းတည်း ဆက်စပ်တင်ပြနိုင်ရန် ကြိုးစားထားခြင်း ဖြစ်ပါသည်။

ဖက်ဆစ်တော်လှန်ရေးသမိုင်းကို ပြည့်စုံစွာ အစအဆုံး ရေးသားတင်ပြလိုကြသော စာရေးဆရာများနှင့် သမိုင်းဆရာများအဖို့ အဓိကအခက်အခဲမှာ ဖက်ဆစ်တော်လှန်ရေးနှင့် ပတ်သက်၍ သမိုင်းဝင်မှတ်တမ်းများ ယနေ့အထိ ပြည့်စုံစွာ မရှိခြင်းပင် ဖြစ်ပါသည်။

ဖက်ဆစ်တော်လှန်ရေးအတွက် စည်းရုံးစဉ်ကာလအတွင်းက ထုတ်ဝေခဲ့သော စာရွက်စာတမ်းများကို ကျွန်တော် စုဆောင်းရှာဖွေခဲ့သည်မှာ ယနေ့အထိ ပြည့်စုံစွာ မရသေးပါ။ အချို့အဝက်သာ ရှာဖွေရရှိပါသည်။ တပ်မတော် စစ်ဌာနချုပ်များနှင့် တပ်ရင်းတပ်ဖွဲ့များ၏ ဖက်ဆစ်

တော်လှန်ရေးတိုက်ပွဲမှတ်တမ်းများမှာလည်း အချို့စစ်ဌာနချုပ်နှင့် တပ်ရင်းများအဖို့ ပြည့်စုံသော စစ်မှတ်တမ်းများ ရှိစေကာမူ အချို့စစ်ဌာနများနှင့် တပ်ရင်းများ၏ စစ်မှတ်တမ်းများမှာ တပ်မတော် မော်ကွန်းတိုက်မှာပင် မရှိသေးသည်ကို တွေ့ရပါသည်။

ထို့ကြောင့် မှတ်စုမှတ်တမ်းများ ရှာဖွေမတွေ့ရှိခဲ့သော တိုင်းများနှင့် ပတ်သက်၍ အချက်အလက်အဖြစ်အပျက်များကို စုဆောင်းရာတွင် ပါဝင်ဆောင်ရွက်ခဲ့သူများကို လူကိုယ်တိုင် တွေ့ဆုံမေးမြန်းပြီး အဖြစ်အပျက်များကို အကြမ်းသဘောလောက်သာ ရေးသားထည့်သွင်းနိုင်ခဲ့ပါသည်။ ထိုသို့ ရေးသားခဲ့ရသဖြင့်လည်း အဖြစ်အပျက်များကို အစဉ်လိုက်သာ ဖော်ပြနိုင်ပြီး ဖြစ်ပွားခဲ့သော နေ့ရက်များနှင့် တိုက်ပွဲအသေးစိတ် စာရင်းများကိုမူ မဖော်ပြနိုင် ဖြစ်ရလေသည်။

လွန်ခဲ့သော ၂၃ နှစ်ကျော်က ဖြစ်ပွားခဲ့သော အဖြစ်အပျက်များနှင့် ပတ်သက်၍ မှတ်စုမှတ်တမ်းများ ရှာဖွေမတွေ့ရှိသောကဏ္ဍများ၌ တစ်ဦးတစ်ယောက်က မိမိ အတွေ့အကြုံပေါ်တွင် ပြန်လည်တွေးဆ၍ ဇာတ်ကြောင်းပြန်ပြောချက်များကို အခြေပြုရေးသားရသည်ဖြစ်ရာ ဤစာအုပ်တွင် အချို့ကဏ္ဍများသည် အဖြစ်အပျက်မှန်စေကာမူ အသေးစိတ်ရာ၌ မှားယွင်းချွတ်ချော်နိုင်ပါသည်။ ကြွင်းကျန်နိုင်ပါသည်။ ဤသို့ မှားယွင်းချွတ်ချော်မှုများကို ထိုစဉ်က ကိုယ်တိုင်ပါဝင် ဆောင်ရွက်ခဲ့သူများက တွေ့ရှိခဲ့ပါလျှင် ကျေးဇူးပြု၍ အဖြစ်မှန်ကို ထောက်ပြရန် ပန်ကြားအပ်ပါသည်။

ဖက်ဆစ်တော်လှန်ရေးနှင့် ပတ်သက်၍ အစအဆုံး ပြည့်စုံသော နိုင်လုံတိကျသည့် သမိုင်းစာအုပ်ကြီးတစ်အုပ် ဖြစ်မြောက်ရေးအတွက် တစ်စုံတစ်ယောက်တည်း၏ ကြိုးပမ်းမှုနှင့်ဆိုပါက ဖြစ်မြောက်နိုင်ရန် ခဲယဉ်းမည်ဟု ထင်ပါသည်။ တစ်စုံတစ်ယောက်သည် လိုအပ်သည့် သမိုင်းဝင်စာတမ်းများနှင့် အချက်အလက်များကို ရှာဖွေစုဆောင်း ရေးသားရန် ဇွဲ ဝီရိယရှိသည် ဆိုဦးတော့၊ ဤသမိုင်းဝင်မှတ်တမ်းများနှင့် အချက်အလက်များကို စုံစေ့စွာ ရရှိရေးအတွက် မလွယ်ကူ၊ အခက်အခဲကြီးများစွာ ရှိပါမည်။

ဤအခက်အခဲကို ကျော်လွှားနိုင်ရန်ကား ဖက်ဆစ်တော်လှန်ရေးသမိုင်းကို စာရေးဆရာများနှင့် သမိုင်းဆရာများ စုပေါင်းရေးသားပြုစုနိုင်မှသာ ပြည်သူလူထုကို ဖက်ဆစ်တော်လှန်ရေးအကြောင်း အစုံအလင် အကျအန စာအုပ်စာတမ်းဖြင့် ရေးသားတင်ပြလိုခဲ့သော ဗိုလ်ချုပ်အောင်ဆန်း၏ အာသီသကို တာဝန်ကျေပွန်စွာ ဖြည့်ဆည်းနိုင်မည် ဖြစ်ပါသည်။

သခင်တင်မြ

- ၁၉၆၈ ခုနှစ်၊ ဖေဖော်ဝါရီလ

(၂၃ ကြိမ်မြောက် ဖက်ဆစ်တော်လှန်ရေးနေ့အတွက်)

---

* တပ်ပေါင်းစုတင်ဖွဲ့စည်းစက ဖက်ဆစ်တိုက်ဖျက်ရေးပြည်သူ့အဖွဲ့ဟုသာ အမည်တပ်ခဲ့ပါသည်။ စာရေးသူ